# သခင့်စကား
# The LORD's Word
မင်းအောင်သက်လှိုင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေးရာစာစောင်


ဘုရားသခင် စေလွှတ်တော်မူသော သူသည် ဘုရားသခင်၏ စကားတော်ကို ပြောဆိုတတ်၏။ ယောဟန် ၃:၃၄

အမှတ်စဉ် (၁၉၉) မတ်လ ၂၀၁၈ ခုနှစ် ဖော်ပြပါ (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ဖြန့်ဝေသည်) ၂၀၀၁ ခုနှစ်တွင် စတင်ထုတ်ဝေသည်။ Est; September 2001

## မြွေနဲ့တီကောင်

မြွေနဲ့တီကောင် *(မင်းအောင်သက်လှိုင်)*



တီကောင် နဲ့ မြွေ ၊ သဏ္ဍာန်ချင်းက ဆင်ဆင်ပေ ။
တီကောင်လေးက မြေမှုန့်စား ၊ မြွေက မျိုချ သားကောင်များ ။
အဆိပ်ကင်းတဲ့ မြေ တီကောင် ၊ မြွေက အမောက်ထောင်
တစ်ခါတစ်ရံ တို့လူသား ၊ တီကောင် လေလား၊ မြွေ လိုလား ။
တစ်ခါတစ်ရံ မြေမှုန့်စားပြီး ၊ တစ်ခါတစ်ရံ သားကောင်စား ။
သင်ခန်းစာတွေ သင်အံ့သွား ၊ မြွေ နဲ့ တီကောင် အလား ။
တို့လူသားတွေ ရံဖန်ခါ တီကောင် လိုလို မြွေ လိုပါ ။
လူတွေရှေ့မှာ ဟန်ဆောင်ထား ၊ တီကောင် လေးလို မြေမှုန့်စား ၊
လူကွယ်ရာမှာ အကုန်စား ၊ အမောက် ထောင်တဲ့ မြွေနဂါး ။
လူကွယ်ကျတော့ ဇာတိပေါ် ၊ ဟန် မဆောင်နိုင်ဘူးနော်
အကုန်မျိုချ ဗိုက်ကြီး ကား ၊ သားကောင်စားတဲ့ မြွေနဂါး ။
ဘုရားကျောင်းထဲမှာတော့ တီကောင်လို
မြေမှုန့်တွေ စားပြလိုက်တာဆို - -
ဘုရားကျောင်းရဲ့ အပြင်ရောက် ၊ အစွယ်ပေါက်တဲ့ ဆိုးမြွေဟောက်။
လူတွေရှေ့မှာ ငြိမ်ဝပ်ပြား ၊ တီကောင် ကဲ့သို့ မြေမှုန့်စား ၊
လူကွယ်ရာမှာ သူ့စိတ်ထား ၊ စားလို့ရတာ အကုန်ဝါး
အမောက် ထောင်တဲ့ မြွေနဂါး ။ ။ *(မင်းအောင်သက်လှိုင်)*

---

## ကိုယ်တော်အတွက်..

ကိုယ်တော်အတွက် *(သိုးသူငယ် "ဒါက")*



ကိုယ်တော်အတွက် -
အစေခံ အသေခံခဲ့တဲ့ သူလဲ မဟုတ်ခဲ့ပါဘူး။
ကိုယ်တော်အတွက် -
ကဲ့ရဲ့ပြစ်တင် ရှုတ်ချခံ ခဲ့တဲ့သူလဲ မဟုတ်ခဲ့ပါဘူး။
ကိုယ်တော်အတွက် -
ဒဏ်ရာဒဏ်ချက်နဲ့ ငိုယိုခဲ့ရတဲ့ အချိန်လည်း မရှိခဲ့ပါဘူး။
ကိုယ်တော်အတွက် -
လူတွေ ပစ်ပယ် မကောင်း အထင်ခံ ရတဲ့ အချိန်လည်း မရှိခဲ့ပါဘူး။
ကိုယ်တော်အတွက် -
အရာအားလုံး ပေးဆပ်ရဲတဲ့ သူ ဖြစ်ဖို့ ခွန်အား တောင်းခံပါရစေ။ ။
*(သိုးသူငယ် "ဒါက")*

## ဒါဝိဒ်စောင်

ဒါဝိဒ်စောင် *(Sai Naung-Kalay)*



ဆီးနှင်းက ကြွေ ၊ ဆောင်းလေ က တိုက်
ငါကတော့ မနိုက် ။
နှင်းတွေက ဝေ ၊ မြူတွေ အုံ့မှိုင်းလို့ နေဝင်းပါစေ၊
ငါကတော့ မချမ်းပါလေ ။
အသည်းနိုက်အောင် ချမ်းပါစေ ၊
အရိုးကွဲအောင် အေးပါစေ ၊ ငါကတော့ မမှုပါလေ။
ငါ့ ကိုယ်ပေါ်က မြဲထည် တစ်စောင်၊
Blanket မဟုတ် ၊ သိုးမွေး မြဲထည် မဟုတ်၊
ငါ့ ကိုယ်ခန္ဓာကို နွေးစေတာဟာ -
ဒါဝိဒ် စောင် ပါ။ ။ *(Sai Naung – Kalay)*

---

## စွန့်လွှတ်ခြင်း

စွန့်လွှတ်ခြင်း *(ဆယ်မြို့ရယ်စိုးလှိုင်)*



သူ....
ကျုပ်အတွက်ဆိုရင်
အရှက်နဲ့အသက် ၊ မငဲ့ကွက်ဘဲ
အရာရာစွန့်လွှတ်ချစ်ပြခဲ့သူ.....
ကျုပ်....
သူ့အတွက်ဆိုရင်
အရှက်နဲ့အသက်
မငဲ့ကွက်ဘဲ
အရာရာစွန့်လွှတ်ချစ်ပြခဲ့ချင်သူ......
မှ....
အားလုံးတွက်ဆိုရင်
ကျုပ်တို့အချစ် ၊ မငဲ့ကွက်ဘဲ
သာသနာတွက်စွန့်ပြခဲ့သူပေါ့.... ။ ။ *(ဆယ်မြို့ရယ်စိုးလှိုင်)*

---

## ခရစ်တော်အတွက်မဲတစ်ပြား

ခရစ်တော်အတွက်မဲတစ်ပြား *( မိုင်လေး "နည်းပညာ" )*



မဲရုံကို သွားကြဖို့ အဆွေတော် ၊
အဖြူ ရွေးမလား ။ အနက် ရွေးမလား ။
မဲတစ်လိပ်
ဘဝ တစ်ခု၊ နှစ်ခု၊ သုံးခု၊
ကုဋေကုဋာ ..... ။
ထောင်ပေါင်းများစွာ ... ။
ပျောက်ဆုံး ဝိညာဉ် မဲတစ်
သေချာ ရွေးထည့်
ဧဝံဂေလိ မဲပုံး
လျှံထွက်စေချင်ရဲ့ ... ။ ။ *( မိုင်လေး "နည်းပညာ" )*

# ယဇ်

ယဇ် *(Saw Z Net Eagle)*




အသက်ရှင်ခြင်း ။
သန့်ရှင်းခြင်း ။
သခင့်အတွက် -
နှစ်သက်စရာ
ဖြစ် မဖြစ် ၊
ကိုယ့်ကိုကိုယ်
မကြာမကြာ ပြန်ဆန်းစစ် ။
နို့မဟုတ် -
"ယဇ်" မဖြစ်ဘဲ၊ "လစ်"မယ် ။ ။ *(Saw Z Net Eagle)*

---

# အမျိုးမျိုးသောဆရာများ(၁)

အမျိုးမျိုးသော ဆရာများ (၁) *လိန်း(ဇလပ်မြေ)*

သိုးထိန်းတဲ့ ဆရာတွေ ရှိသလို ၊
အိုးထိန်းတဲ့ ဆရာတွေ ရှိတယ် ။
ထု ၊ ကု ပေးတဲ့ ဆရာတွေ ရှိသလို ၊
တွန်းချတတ်တဲ့ ဆရာတွေလဲ ရှိတယ် ။
မြေတောင် မြှောက်ပေးတဲ့ ဆရာတွေ ရှိသလို ၊
ရေသောက်မြစ် ဖြတ်ပေးတဲ့ ဆရာတွေလဲ ရှိတယ် ။
အသင်းတော် ကောင်းစားဖို့ ကြိုးစားတဲ့ ဆရာတွေ ရှိသလို ၊
အသင်းတော်ကို ရောင်းစားတဲ့ ဆရာတွေလည်း ရှိတယ် ။
ကိုးစား တတ်တဲ့ ဆရာတွေ ရှိသလို ၊
နိုးစား တတ်တဲ့ ဆရာတွေလဲ ရှိတယ် ။
ဆုတောင်း ပေးတတ်တဲ့ ဆရာတွေ ရှိသလို ၊
ထုတောင်း တတ်တဲ့ ဆရာတွေ ရှိတယ် ။
လက်လုပ် လက်စား ဆရာတွေ ရှိသလို ၊
ခေါင်းကျက် ခေါင်းစား ၊
အမြီးကျက် အမြီးစား ဆရာတွေလည်း ရှိတယ် ။
သီလ ဆောက်တည်တဲ့ ဆရာတွေ ရှိသလို ၊
အမှု အရေး သီလစောင့် ဆရာတွေလည်း ရှိတယ် ။
ကြိုးစား၍ ကောင်းစားတဲ့ ဆရာတွေ ရှိသလို ၊
နိုးစား၍ ကောင်းစားတဲ့ ဆရာတွေလည်း ရှိတယ် ။
အလှူအဒါန်း အားကြီးတဲ့ ဆရာတွေ ရှိသလို ၊
အလှူအဒါန်းအား ကြည့်တဲ့ ဆရာတွေလည်း ရှိတယ် ။
ဘုရား ဘုန်းတော် ထင်ရှားဖို့ -
အမှုတော်ဆောင် ဆရာတွေ ရှိသလို ၊
ကိုယ့်ဘုန်းတော် ထင်ရှားဖို့ -
အမှုတော်ဘောင်ထဲ ဝင်သူတွေလည်း ရှိတယ် ။
အရိုးကို ဖယ် ၊ အသားကို စား ဆိုပေမဲ့ .....
အရိုး မဖယ် တတ်သူများအတွက်
အာခေါင် စူးမည်မှာ စေကန် မုချပေတည်း ။
သိုးထိန်းသည် လမ်းလွဲလျှင် -
သူ့သိုးများသည်လည်း လမ်းလွဲကြမည်သာ ။
ရေလောင်း ပေါင်းသင် မပြုစုလျှင် -
ပန်းကောင်းတစ်ပွင့် မပန်နိုင်သလို ၊
သိုးစာ မကျွေး ရေမတိုက်လျှင် -
သိုးမွေး ရမည် မဟုတ်ပေ ။ ။



*လိန်း (ဇလပ်မြေ)*

---

# ဘုရားဘုန်းတော်အတွက်ချစ်သူရည်းစား



**ဘုရားဘုန်းတော်အတွက်ချစ်သူရည်းစား ဆယ်မြှုရယ်စိုးလွင်**

ဘုရားသခင်မှ ဘာကြောင့် ယုံကြည်သူအချင်းချင်းသာ ချစ်မြတ်နိုးပြီး ထိမ်းမြားရန်ဘာကြောင့် အလိုတော်ရှိသနည်း။

ကျွန်မက ၂၉ နှစ်အရွယ် လူလွတ်အမျိုးသမီးတစ်ဦးပါ။ နှစ်ပေါင်းများစွာပင် ကျမ်းစာမှပြောထားသည့်အတိုင်း မယုံ ကြည်သူ နှင့်လက်ထပ်ထိမ်းမြားခြင်းကို အခိုင်အမာရပ်တည်ခဲ့ပြီး မယုံကြည်သူများနှင့် သမီးရည်းစားအဖြစ်ကို စိတ်ကူးမှာပင် မရှိခဲ့ပါဘူး။ ဆယ်ကျော်သက်အရွယ်မှာတော့ ထိုဆိုဆုံးမ စကားတွေကြောင့် အခက်မတွေ့ခဲ့ရသလို ပြဿနာလို့လည်း မမြင် မိပါဘူး။

ဒါပေမယ့် အသက်အရွယ်ရလာတာနဲ့အမျှ ထိုဆိုဆုံးမ စကားက ပိုမိုပြီးအခက်တွေ့လာစေပါတယ်။ သူငယ်ချင်းများက မယုံကြည်သူများနှင့် အသိမိတ်ဆွေဖြစ်ရာကနေ ထိုကျော့ကွင်း ထဲသို့ ကျဆင်းသွားကြရသည်ကို သတိပြုမိလာပါတယ်။ "ဘုရားသခင်က ဘာကြောင့် လက်ထပ်ထိမ်းမြားခြင်းအမှုမှာ ဘာကြောင့်တင်းကြပ်ရတာလဲ"ဟုလည်း ကိုယ့်ကိုကိုယ်မေးခွန်း ထုတ်မိလာပါတယ်။ ဒါကြောင့် အရေးကြီးတဲ့အကြောင်း အရာတစ်ချို့ကို အတူတကွဆွေးနွေးတင်ပြလိုတဲ့အကြောင်းဖြစ်လာ ပါတယ်။

**၁။ ကျမ်းစာအဆို။**

ကျမ်းစာတွင် ဘုရားသခင့်အလိုတော်က အများအပြင်း လုံးဝမရှိ ရှင်းလင်းပြတ်သားလှသည်။ ဓမ္မဟောင်းဖြင့် စတင် ပါမည်။ မညီသောထမ်းပိုးဟူသည့် အိမ်ထောင်ရေးအားဖြင့် ဣသရေလလူမျိုးတော်များကို အသက်ရှင်တော်မူသည့် ဘုရားမှ ရုပ်တု၊ နတ်စားဆိုသည့် အဖြစ်သို့ရောက်ရှိသွားစေရန်မှာ လွယ်ကူသောလမ်းစဉ်ဖြစ်ကြောင်း ဘုရားသခင် ကောင်းစွာသိမြင်ခဲ့ပါတယ်။ ထို့ကြောင့် အိမ်ထောင်ရေးတွင်၊ စိတ်ပိုင်း။ ရုပ်ပိုင်းသာ တစ်လုံးတစ်ဝတည်းဖြစ်ခြင်းမဟုတ်၊ ဝိညာဉ်ရေးပါ တစ်လုံးတစ်ဝတည်းဖြစ်ရန်မှာ ဘုရားသခင့် အကြံအစည်တော် ဖြစ်လာခဲ့သည်၊ အိမ်ထောင်ရေးသည် တစ်လုံးတစ်ဝတည်း ဖြစ်ခြင်းကြောင့် မယုံကြည်သူများနှင့် ထိမ်းမြားခြင်းဖြင့် လူမျိုးတော်တို့သည် ရုပ်တုဆင်းတုကိုးကွယ်သူ၊ နတ်ကိုးကွယ်သူများဖြစ်လာမည်ကို ဘုရားသခင်သိမြင်တော်မူပါသည်။

ဓမ္မသစ်တွင်ကြည်က သန့်ရှင်းသော လူမျိုးတော်နှင့် ယာဇပုရောဟိတ်အမျိုးများဖြစ်ရန် ဘုရားသခင်မှ ယုံကြည် သူများကိုခေါ်ခြင်းဖြစ်ပြီး (၁ ပေ၊ ၂း၉) ဘုရားသခင်သည် သန့်ရှင်းတော်မူသည့်နည်းတူ သန့်ရှင်းသူများဖြစ်လာရန် ခေါ်ခဲ့ ခြင်းဖြစ်သည် (၁ ပေ၊ ၁း၁၅)။ ရှင်ပေါလုက ကောရိန္တု အသင်းသား များထံပေးသောအခါတွင် "မညီသောထမ်းပိုးကို ထမ်းဖက်



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၉၉ ... ၂၀၁၈ ခုနှစ်။
နိုင်ငံတကာ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွက် အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

၏ မထမ်းကြနှင့်" ( ၂ ကော၊ ၆း၁၄)ဟုဆိုခဲ့သည်။ သို့သော်လည်း မညီသောထမ်းပိုးထမ်းပြီးသူများအတွက်လည်း ရှင်ပေါလုနှင့် ရှင်ပေတရုတို့တွင် အစီအစဉ် များရှိထားပါသည်။ ၄င်းမှာ သူတို့၏ကိုယ်ကျင့်သီလ၊ ယုံကြည်မှုများဖြင့် ခင်ပွန်း၊ ဇနီးသည်များကို ယုံကြည်သူဖြစ်လာစေနိုင်ကြောင်းကိုလည်း ထပ်မံရှင်းပြထားပါသည် ( ၁ ကော၊ ၇း၁၂-၁၃၊ ၁ ပေ၊ ၃း၁)။

ကျမ်းစာက စစ်မှန်သော ယုံကြည်သူများအနေဖြင့် မယုံကြည်သူနှင့်ထိမ်းမြားခြင်းကို အရှင်းလင်းဆုံးဖြင့် တားမြစ် ထားသည်။ ထိုသို့ဆိုက မယုံကြည်သူနှင့် သမီးရည်းစားထား ခြင်းက အဘယ်သို့နည်း။

"ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်"

"ချစ်သူရည်းစား"

"လောကထုံးစံ"

ဆိုတာက ၂၁ ရာစု၏ ဆိုရိုးစကားလည်းဖြစ်သည်။ ကျမ်းစာတွင် သမီးရည်းစားထားခြင်းကို အကိုးအကား ပြုစေ ရန်အတွက် "ချစ်သူရည်းစားထားနည်း" လုံးဝမတွေ့ရပါ။ သို့သော် မယုံကြည်သူများနှင့် လုံးဝထိမ်းမြားခြင်းမပြုရန်ကား အတိအလင်းဆိုထားသောကြောင့် မယုံကြည်သူများနှင့် သမီး ရည်းစားဖြစ်ခြင်းကို လည်းလုံးဝအရှင်း တားမြစ်ထားကြောင်း နားလည်နိုင်ပါသည်။ ဘုရားသခင့် တားမြစ်ထားချက်မှာ ဖြစ်နိုင် ချေကိုမှန်းဆကာ သွန်သင်ဆုံးမထားခြင်းမဟုတ်၊ ၅၀% ဖြစ်နိုင် ချေရှိတယ်၊ ဒါကြောင့်ငါတားမြစ်ရတယ်လို့မပါရှိပါ။ ထိမ်းမြား လက်ထပ်ခြင်းသည် တစ်သားတစ်ကို တည်းဖြစ်သောကြောင့် ဘုရားသခင်မှ ယုံကြည်သူကောင်းကျိုးအတွက်သာလျှင် လုံးဝ မယုံကြည်သူနှင့်ထိမ်းမြားခြင်းမပြုရန် အတိအလင်း တားမြစ် ထားခြင်းဖြစ်သည်။

## ၂။ ကျွန်ုပ်တို့အတွက် ထားရှိသော ကတိတော်။



ဘုရားသခင်သည် စာအုပ်ကြီးကိုကိုင်ပြီး မည်သူ မှားသည် မှန်သည်ကိုအစဉ်မပြတ်စောင့်ကြည့်နေပြီး တင်းကြပ် လွန်းစွာဖြင့် တရားသေဝါဒသမားကြီးမဟုတ်ပါ။ ဘုရားသခင် သည် စကြာဝဠာကြီးကိုဖန်ဆင်းတော်မူပြီး ကျွန်ုပ်တို့တစ်ဦး ချင်း၏ ချစ်သူရည်းစားထားခြင်း၊ ထိမ်းမြားဆောင်နှင်းခြင်း ကိစ္စ အဝဝကို ဂရုတစိုက်စောင့်မ၍ မေတ္တာထားတော်မူ ကြောင်းနှင့် အဘယ်မျှကြီးမြတ်တော်ကြောင်းကို မြင်တွေ့နိုင်ပါ သည်။ သင်သည် ယုံကြည်သူတစ်ဦးဖြစ်ပြီး ဘုရား သခင် ချစ်မြတ်နိုး ရတော်မူသောဖြစ်ခဲ့ပါလျှင် စဉ်းစားကြည့်ပါ။ သားသမီးကို ချစ်မြတ်နိုးသည့် မိဘတိုင်းသည် သားသမီးတို့၏ ကိစ္စကြီးငယ် အသွယ်သွယ်အား ဖေးမကူညီ၊ စောင့်ရှောက် လမ်းပြလိုခြင်း မှာ မေတ္တာတရားကြောင့်ဖြစ်သည်။ ထို့အတူ ဘုရားသခင်သည် ကျွန်ုပ်တို့၏ ဘဝအရေးတွင်လည်း အရာရာ၌ သွန်သင်ညွှန်ပြ လမ်းခင်းပေးထားခြင်းဖြစ်သည်။ ထို့ကြောင့် လည်း နှုတ်ကပတ် တော်၌ အတိအလင်း ဖော်ပြထားခြင်းဖြစ်သည်။

ဘုရားသခင်မှ သူ့သားသမီးများအတွက် ထားရှိသော အကြံအစည်တော်များမှာ ကျွန်ုပ်တို့လုပ်ဆောင်ရာ၊ ပြုမူရာ၊ တွေးခေါ်မှုတိုင်းတွင် ဘုရားဘုန်းတော်ထင်ရှားစေရန်ဖြစ်သည်။ ဘုရားသခင့်အကြံအစည်တော်အရ ထိမ်းမြားခြင်း (သို့) သမီး ရည်းစားထားခြင်း ကိစ္စရပ်အားလုံးတို့မှာလည်း ကျွန်ုပ်တို့သည် ဘုရားသခင့်နိုင်ငံတော်နှင့် သာသနာအတွက် အထောက်အမ ဖြစ်စေသောသူ၊ အနှောက် အယှက်ဖြစ်စေသောသူကို ရွေးချယ်မှု ပြုနေခြင်းဖြစ်သည်။

ဘုရားသခင်မှ ကျွန်ုပ်တို့ဘဝတွင် သာယာပျော်ရွှင်သော အိမ်ထောင်မှုအတွက်၊ လိုက်ဖက်ညီ၍ အထောက်အမဖြစ်စေမည့် သူနှင့်သာထိမ်းမြားစေလိုသည်၊ ထို့ကြောင့် အကောင်းဆုံးကိုသာ ပြင်ဆင်ထားသော ဘုရား လမ်းစဉ်ကို ဘာကြောင့် ပြုပြင်လိုပါ သနည်း။

## ၃။ စိတ်သဘောကိုဆန်းစစ်မှု။

သင့်ဘဝအထီးကျန်မှုကိုကုစားရန် (သို့) သွေးသားဆန္ဒ အလိုကို ဖြည့်ဆည်းဖို့ရန် (သို့) ဘုရားသခင်နှင့် လျှောက်လှမ်း နေသော ဘဝခရီးကိုအစားထိုးရန်အတွက် သမီးရည်းစားထား ခြင်းလား (သို့) လက်ထပ်ထိမ်းမြားခြင်းလားဟု ဆန်းစစ်ကြည့်ပါ။ ကျွန်ုပ်တို့၏ စိတ်ခံစားချက်များကိုပြည့်ဝစေရန်အတွက် အလို လိုက်အကြိုက်မဆောင်သင့်ပါ။ ဘုရားသခင်အနေဖြင့် ကျွန်ုပ်တို့ တစ်ဦးချင်းအားဖြင့် သူ၏ သားကောင်းသမီးကောင်းရတနာများ အဖြစ်မြင်တွေ့ လိုလားတော်မူသောကြောင့်၊ ကျွန်ုပ်တို့အတွက် အကောင်းဆုံးသောလမ်းစဉ်များကို ချမှတ်ပေးထားခြင်း ဖြစ်သည်။

ကျွန်ုပ်တို့၏ ဖြစ်တည်ခြင်းအစစ်အမှန်မှာ ကိုယ်ရည် ကိုယ်သွေးနှင့် အစွမ်းအစတို့မှမဟုတ်ပါ။ ကျွန်ုပ်တို့၏ လူ့ဘဝ ပီပြင်ခြင်း ဘဝတန်ဖိုးတို့မှာ ဘုရားသခင့်ပုံသဏ္ဍာန်နှင့်အညီ ဖြစ်ခြင်းနှင့် ခရစ်တော်ဘုရားအားဖြင့် ဆက်နွယ်လာသော မိတ် သဟာယနှင့် ကိုးစား ယုံကြည်မှုတို့အပေါ်တွင် အခြေတည်ပြီး ရရှိလာခြင်းဖြစ်သည်။

## ၄။ ယုံကြည်ကိုးစားမှု။

ဘုရားသခင်၏ အနန္တတန်ခိုးအပေါ်တွင်ယုံကြည်ပါလျှင် သင့်အတွက် မှန်ကန်သောအချိန်တွင်၊ မှန်ကန်သင့်လျော်သော အိမ်ထောင်ဖက်ကို ပို့ဆောင်ပေးမည်ကို ကျွန်ုပ်တို့ယုံကြည် ကိုးစားလျှက် စိတ်ချပုံအပ်ထားနိုင်ပါသည်။ သင့်လမ်းစဉ်အတိုင်း ဖြစ်မလာလည်း ဘုရားသခင်၏ အနာဂတသသ ဉာဏ်တော်ကို သိမြင်ခြင်းနှင့်အတူ အလိုတော်ကိုဝန်ခံနိုင်ပါလိမ့်မည်။ ကိုယ့်ကို ကိုယ်မေးမြန်းမိနေသော မေးခွန်းမှာ "ငါမှန်တကယ်ပင် ဘုရားသခင်အပေါ်မှာ လုံးလုံးယုံကြည်နေပါသလား"ဆိုသည့် မေးခွန်း မေးမြန်းရန်သာဖြစ်သည်။

ယုံကြည်သူတစ်ဦးအနေဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့ အတွက် အကောင်းဆုံးသောအရာနှင့် လိုအပ်သောအရာ မှန် သမျှကို ပံ့ပိုးပေးနေတော်မူကြောင်းကို ယုံကြည်ထားကြမှန်း ကျွန်ုပ်တို့အားလုံးသိကြ( ၂ ပေ၊ ၁း၃)ပြီး လောကဓံတရားများ အားလုံးကိုလည်း ယုံကြည်ခြင်းဖြင့်တည်ကြည်စွာ ရပ်တည်သွား ကြပါမည်(၁ ပေ၊ ၁း၆)။ ထိုစိတ်နေစိတ်ထားမှာ ခရစ်တော် ပြန်လာသည့်တိုင် ထားရှိရန်လိုအပ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား လောကတွင်လွယ်ကူစွာ အသက်ရှင်ရမည်ဟု ကတိတော် ဘယ်သောအခါမှ မပေးထားပါ (ယော၊ ၁၆း၃၃)။ ထိုထက်မကကောင်းမွန်သော ကတိတော်များကိုသာ ဘုရား သခင်ပေးထားပါသည်။ ထိုကတိတော်မှာ ခရစ်တော်ဘုရားနှင့် အတူ သွားလာခြင်းအားဖြင့် ဘဝလမ်းခရီးသာယာဖြောင့်ဖြူး ခြင်းဖြင့် လောကီ၊ လောကုတ္တရာအကျိုးအတွက် အလင်းဆောင် ကြရမည့် လောက၏အလင်း၊ လောက၏ဆားများဖြစ်ကြောင်း ကို အသက်တာတွင် အကျိုးထူးများစွာကို ခံစားမြင်တွေ့ကြ ရပါမည်။ ။

နာမတော်မြတ်၌ - ဆယ်မြူရယ်စိုးလွင်

# ကလေးကိုလေ့ကျင့်သင်ကြားပေးနိုင်ခြင်း

**ကလေးကို လေ့ကျင့် သင်ကြားပေးနိုင်ခြင်း** *မေသူ"ဇေတနေဇာအသင်းတော်"*



ယနေ့ငါမှာထားသော စကားကို နှလုံးသွင်းရမည်။ ထိုစကားကို သင်၏ သား သမီး တို့အား ကြိုးစား၍ သွန်သင်ရမည်။ တရားဟော ၆း၆-၇

မိသားစု အစီအစဉ်ကို အစပြုခဲ့တဲ့ ဘုရားသခင်က သားသမီးတွေကို အုပ်ထိန်း ဖို့ မိဘတွေကို တာဝန်ပေးထားပါတယ်။ ကောလောသဲ ၃း၂၀

ကိုယ်နဲ့ ကလေး ဘုရားသခင်ကို ချစ်တတ်လာအောင် တာဝန် ယူတတ်တဲ့ လူကြီး ဖြစ်လာအောင် မိဘတွေဖြစ်တဲ့ ကျွန်ုပ်တို့တွေက လေ့ကျင့် ပေးရ မှာ ဖြစ်ပါတယ်။ ၂တိမောသေ ၁း၅၊ ၃း၁၅။ ဒါ့အပြင် သားသမီးတွေရဲ့ စိတ်နှလုံးထဲမှာ ဘာတွေ ရှိတယ်ဆိုတာ သိမြင်အောင် လုပ်ရမယ်။ သင့်ရဲ့ အပြောအဆိုရော လုပ်ရပ်တွေကပါ။ ကလေးအတွက် အရေးကြီးပါတယ်.။ ဘုရား သခင်ရဲ့ စကားတော်ကို အရင်ဆုံး သင်တို့ စိတ်နှလုံးထဲမှာ ထည့်သွင်း ထားမယ် ဆိုရင် ကလေးတွေကို အကောင်းဆုံး သင်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဆာလံ ၄၀း၈

(၁) ကလေးတွေ သင်နဲ့ စကားပြောချင်လာအောင် လုပ်ဆောင်ပါ။

နားထောင်ခြင်း၌ လျင်မြန်ရမည်။ စကားပြောခြင်း၌ နှေးရမည်။ ယာကုပ် ၁း၁၉။ ကလေးတွေ အနေနဲ့ မိဘ ဖြစ်တဲ့ သင့်ကို လွတ်လွတ်လပ်လပ် ရင်ဖွင့် ပြောဆိုနိုင်တယ်ဆိုတာ သူတို့ ကလေးတွေကို သင် သိစေချင်မှာဘဲ။ ကလေး တွေရဲ့ ရင်ဖွင့် ပြောဆိုချင်တဲ့ အချိန်မှာ သင့်ဘက်က နားထောင်ပေးဖို့ အသင့် ရှိတယ်ဆိုတာ သူတို့ သိဖို့ လိုအပ်တယ်။ ကလေးတွေ စကား ပြောဆိုလာမဲ့ အခြေအနေမျိုး သင်ဖန်တီး ထားမှသာ သူတို့ဘက်က ပွင့်ပွင့်လင်းလင်း ပြောဆို လာမှာ ဖြစ်တယ်။ ယာကုပ် ၃း၁၈။

သင်ဟာ ကြမ်းကြမ်းတမ်းတမ်း ပြောဆိုတတ်တယ်။ ဒါမှမဟုတ် အပြစ်ရှာတတ်တယ် ဆိုရင် သင့်ကို ကလေးတွေက ပွင့်ပွင့်လင်းလင်း ပြောရဲမှာ မဟုတ်ပါဘူး။ ဒါကြောင့် ကလေးတွေအပေါ် စိတ်ရှည်ပါ။ သူတို့ကို သင်ဘယ်လောက် ချစ်တယ် ဆိုတာ မကြာခဏ ပြောပြပါ။ မဿဲ ၃း၁၇၊ ကောရိန္သု ၈း၁။

၂) ကလေးတွေ ပြောချင်တဲ့ အဓိပ္ပါယ်ကို သိအောင် ကြိုးစားပါ။ ကိစ္စ တစ်ခုကို ထိုးထွင်း သိမြင်တဲ့ သူဟာ အောင်မြင်မှုကို ရလိမ့်မယ်။ သုတ္တံ ၁၆း၂၀။ တစ်ခါတစ်လေ ကလေးတွေရဲ့ ခံစားချက် အမှန်ကို သိနိုင်ဖို့ သူတို့ပြောတဲ့ အဓိပ္ပါယ်ကို နားလည်ဖို့ ကြိုးစားရမှာ ဖြစ်ပါတယ်။ အကြောင်း ကတော့ လူငယ်တွေက ချဲ့ကား ပြောဆိုတတ်ကြတယ်။ မစဉ်းစား မဆင်ခြင်ဘဲ ပြောဆိုတတ်ကြတယ်။ အကျိုး အကြောင်းကို မစစ်မီ အမှုစီရင်သောသူသည် မိုက်သော အပြစ် အရှက်ကွဲရသော အပြစ်ရှိ၏။ သုတ္တံ ၁၈း၁၆။ ဒါကြောင့် ကလေးတွေကို ထစ်ကနဲဆို စိတ် မဆိုးကြပါနဲ့.။ သုတ္တံ ၁၉း၁၁။ ကလေး ဘာဘဲ ပြောပြော စိတ်ဆိုးပြီး ချက်ခြင်း တုန့်ပြန်တာ ကြားဖြတ် ပြောတာမျိုး မလုပ်ဖို့ စိတ်ပိုင်းဖြတ်ထားပါ။

(၃) ကလေးတွေ ရှေ့မှာ စည်းလုံးပါ။

ငါ့သား အဘ၏ နည်းဥပဒေကို နားထောင်လော့။ အမိ၏ တရားကိုလဲ



မပယ်နှင့်။ သုတ္တံ ၁း၈။ ကလေးတွေကို အုပ်ထိန်းဖို့ အဖေနဲ့ အမေကို ဘုရားသခင်က တာဝန် ပေးထားပါတယ်။ ဒါကြောင့် မိဘဖြစ်တဲ့ သင်တို့ကို ကလေး တွေ လေးစားပြီး နာခံမှု ရှိဖို့ သင်ပေး ရပါမယ်။ ဧဖက် ၆း၁-၃။ မိဘတွေက စိတ် သဘောထား တစ်မျိုးတည်းနဲ့ စည်းလုံး မှု မရှိဘူး ဆိုရင် ကလေးတွေ ရိုပ်မိ သွားနိုင် တယ်။ ဒါကြောင့် သင်တို့ နှစ်ယောက် သဘောထား ကွဲလွဲ နေရင်တောင် ကလေးတွေ မသိ ပါစေနဲ့.။ ဒါမှ ကလေးတွေက သင်တို့ တွေကို ဆက်ပြီး လေးစား နိုင်မှာ ဖြစ်ပါတယ်။ ကလေးတွေကို ဘယ်လို ဆုံးမ သွန်သင်မလဲ ဆိုတာ သင်တို့ နှစ်ယောက် ဆွေးနွေးပြီး သဘောတူ ထားပါ။

(၄) အစီအစဉ် ဆွဲထားပါ။

သူငယ် သွားရာ လမ်းဝ ၌ ဆုံးမ သွန်သင်လော့။ သုတ္တံ ၂၂း၆။ သင့် ကလေး တွေက သူ့အလိုအလျောက် လိမ္မာရေးခြား ရှိလာမှာ မဟုတ်ပါဘူး။ အစီအစဉ် ရေးဆွဲပြီး လေ့ကျင့် သင်ကြား ပေးဖို့လိုအပ်ပါတယ်။ အဲဒီထဲမှာ ဆုံးမ ပေးတာလဲ ပါပါတယ်။ ဆာလံ ၁၂၄း၄။ သုတ္တံ ၂၉း၂၇။ ဆုံးမတယ် ဆိုတာ အပြစ် ပေးတာလောက်ဘဲ မဟုတ်ပါဘူး။ သူတို့အတွက် စည်းကမ်းတွေ ထုတ်ရတဲ့ အကြောင်း အရင်းတွေကို နားလည်အောင် ပြောပြပေးတာလဲ ပါပါတယ်။ သုတ္တံ ၂၈း၇။ ဒါ့အပြင် ဘုရားသခင်ရဲ့ တရား စကားတော်တွေကို မြတ်နိုး လာအောင် ကျမ်းစာ လမ်းညွှန် တွေကိုလဲ နားလည်အောင် စသင်ပေးပါ။ ဆာလံ ၁း၂။ ဒါမှသာ ကလေးတွေရဲ့ အမှားအမှန် ပိုင်းခြား သိနိုင်စွမ်း က တိုးတက် လာမှာ ဖြစ်ပါတယ်။ ဟေဗြဲ ၅း၄။

နောက်ဆုံး နိဂုံးချုပ် အနေနဲ့ ရေးသားချင်တာက မိဘ ဖြစ်တဲ့ သင်ဟာ ကလေး တွေကို ဘုရားသခင်ရဲ့ စဉ်းစားတွေးခေါ်ပုံတွေ အတိုင်း သင်ကြား ပေးဖို့ တာဝန် ရှိထားပါတယ်။ ဧဖက် ၆း၄။ အဲဒီလို သင်ကြားပေးဖို့ အများကြီး အားစိုက်ရမယ် ဆိုတာ ဘုရားသခင် သိပါတယ်။ ဒါပေမဲ့ သင့်ရဲ့ ကြိုးစားမှုက ဘုရားသခင်ကို ရိုးမွမ်းစရာ ဖြစ်စေပြီး သင့်ကိုလဲ ပျော်ရွှင်မှု ရရှိစေမယ် ဆိုတာ ယုံကြည်စိတ်ချပါ။ သုတ္တံ ၂၃း၂၄။ ကိုယ့်ကိုကိုယ် ဒီလိုလေး မေးပါ။ ကလေးက ငါ့ကို ဘာမဆို ပြောရဲအောင် ငါ ဘယ်လို လုပ်နိုင်မလဲ။ တခြား မိဘတွေ သူတို့ ကလေး တွေကို ပြုစု ပျိုးထောင်တဲ့ နည်းလမ်းကနေ ငါ ဘာ သင်ယူ နိုင်မလဲ။ ။ မိဘ အယောက်စီတိုင်းကို ဘုရားသခင် ကောင်းကြီး ပေးပါစေ။ ။

မေသူ "ဇေတနေဇာ အသင်းတော်"




ယုံကြည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်။ စာမူများကို scan ဖတ်၍ဖြစ်စေ ၊ ဓါတ်ပုံရိုက်၍ ဖြစ်စေ email ; thelordword@gmail.com. နှင့် Viber မှ တဆင့် photo sms ပို့လိုသူ များ ဖုန်း (+ ၉၅၉ ၄၅၇ ၁၅၅ ၉၁၅ ) သို့ ပေးပို့ နိုင်ပါသည်။ သခင့်စကားစာစောင် အဟောင်းများနှင့် အသစ် များကို လစဉ် ဖတ်လိုပါက Facebook account ; **lord's word** တွင် ဖတ်ရှု နိုင်ပါသည်။ ဝိညာဉ် ရေးရာ ရသစုံ (ကဗျာ၊ ကာတွန်း။ ဟာသ၊ သက်သေခံချက်၊ ဝေဖန်ချက်) စာမူများ ဖတ်ရှုလိုပါက **facebook** account lord's word (သခင့်စကား) နှင့် lord's heart (သခင့်နှလုံးသား) ထံ *friend request* လုပ်ပြီး ဖတ်ရှုနိုင်ပါသည်။